# ထိုင်း–မြန်မာနယ်စပ်ဂိတ်ပိတ်၍ ကုန်စည်စီးဆင်းမှုရပ်

NEJ / ၂၁ စက်တင်ဘာ ၂၀၀၆ / ၁၈း၀၀

Photo-NEJ




မဲဆောက်ဂိတ်ကိုပိတ်ထားသည်

ထိုင်းနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် ယမန်နေ့မှစ၍ နယ်စပ်ဂိတ်များ ပိတ်လိုက်သဖြင့် ထိုင်း–မြန်မာနယ်စပ်၊ မဲဆောက်မြို့တွင် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု ရပ်သွားရာ ကုန်သည်ကြီးများက စိုးရိမ်ပူပန်နေကြသည်၊

မဲဆောက်တံတားပျက်ခဲ့၍ (၁၂) တန်အောက်ကားများကိုသာ ဖြတ်ခွင့်ပြုထား၍ ဆယ်ဘီးကား၊ (၁၈) ဘီးကားကြီးများဖြင့် သယ်လာသည့်ကုန်များကို တံတားထိပ်၌ချပြီး မြဝတီမြို့သို့ ကားလေးများဖြင့်ကဲ့ပြီးသယ်ရသဖြင့် ကုန်ကျစရိတ်ပိုကုန်ပြီး နှောင့်နှေးခဲ့ရာမှ ယခု နယ်စပ်ဂိတ်ပိတ်လိုက်ပြန်ရာ ကုန်ကားကြီးများ မဲဆောက် ထိုင်း–မြန်မာချစ်ကြည်ရေးတံတားထိပ်၌ ရပ်ထားရသည်။

"ကျနော်တို့ကုန်သည်တွေက လနဲ့ချီပြီးပိတ်ထားမှာကို စိုးရိမ်နေကြပါတယ်။ အခုလိုဖြစ်သွားတဲ့ကိစ္စမှာ ကုန်သည်တွေ နစ်ခါနစ်နာပါတယ်" ဟု မြန်မာနိုင်ငံသို့ ကားပစ္စည်းများနှင့် စားသောက်ကုန်များတင်ပို့သည့် ထိုင်းကုန်သည်ကြီးတဦးကပြောသည်။

မဲဆောက်မှ မြဝတီဘက်သို့ ပုံမှန်တင်ပို့နေကျ ကုန်ပစ္စည်းများမှာ သံချောင်း၊ ဘိလပ်မြေ စသည့် အိမ်ဆောက်ပစ္စည်းများ၊ ကားပစ္စည်းများ၊ ထိုင်းနိုင်ငံလုပ် စားသောက်ကုန်များဖြစ်ပြီး မြဝတီဘက်မှ ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ ပုံမှန်တင်ပို့မြဲဖြစ်သည်။

နယ်စပ်ဂိတ်ပိတ်သည်ကိုမသိဘဲ ထိုင်းနိုင်ငံသို့ပို့ရန် သယ်ဆောင်လာသည့် ငါး၊ ပုစွန်၊ ခရုနှင့် ငါးရှဥ့်များကို မြန်မာဂိတ်မှ စစ်ဆေးသူများက နယ်စပ်ဂိတ်ပိတ်သည်ဟုဆိုကာ မြဝတီတွင်ယမန်နေ့က ဖမ်းဆီးသိမ်းယူလိုက်ကြောင်း မျက်မြင်တွေ့သူတဦးကပြောသည်။

နယ်စပ်ဂိတ်ပိတ်လိုက်၍ မဲဆောက်မြို့တွင် မြန်မာဈေးသည် ဈေးဝယ်များ ယခင်ကဲ့သို့ မရှိတော့ဘဲ ထက်ဝက်ခန့်နည်းပါးသွားပြီး မြန်မာဘက်မှဝယ်လိုအားကို အားထားရသည့် မဲဆောက်ဈေးရှိ သစ်သီးများ ရောင်းအားထက်ဝက်ခန့်ကျသွားသည်။

"အရင်က လိမ္မော်သီးနဲ့ ဖရဲသီးများ တနေ့ကို တတန်ခွဲကုန်တယ်။ အခု ပစ္စည်းတွေပုံနေတယ်၊ ထပ်မမှာရဲတော့ဘူး၊ အခြေအနေကြည့်ရဦးမယ်" ဟု သစ်သီးဆိုင်ရှင်တဦးကပြောသည်။

နယ်စပ်ဂိတ်ကို ကြာကြာပိတ်မည်ဆိုလျှင် မြန်မာပြည်ထွက်ကုန်များ မဲဆောက်တွင် ဈေးတက်မည်မှာ သေချာသည်ဟု မဲဆောက်ဈေးတွင် မြန်မာစားသောက်ကုန်ရောင်းချနေသူတဦးကပြောသည်၊

ထိုဈေးသည်က "အဓိကကတော့ ဆန်၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ငါးခြောက်၊ ပဲနဲ့ မြန်မာဆေးဝါးတွေပဲ။ မဲဆောက်တခွင်မှာ သိန်းနဲ့ချီရှိတဲ့ မြန်မာနိုင်ငံသားတွေရဲ့ အဓိကစားသောက်ကုန်ကဒါတွေပဲ" ဟုပြောသည်။

မဲဆောက်မြို့မှ ချစ်ကြည်ရေးတံတားထိပ်သို့ ပြေးဆွဲသည့်ကားများကိုလည်း စီးမည့်သူမရှိတော့ကြောင်း တွေ့ရသည်။

လိုင်းကားပြေးဆွဲသူတဦးက “ မြဝတီကလူတွေလည်း မလာကြတော့ဘူး။ လူမရတော့ ကားသမားတွေ အိမ်ပြန်သွားရတယ်၊ ဒီနေ့လည်း ရလိုရငြား ဂိတ်လာထိုးတာပါ” ဟုပြောသည်။

မဲဆောက်မှ မြဝတီသို့သွားရာတွင် ချစ်ကြည်ရေးတံတားဝင်ပေါက်တခုနှင့် တံတား၏ဘေးတဖက်တချက်ရှိ လှေဆိပ်ဝင်ပေါက် (၁၆) ခုရှိပြီး ယမန်နေ့မှစ၍ ထိုဂိတ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားပြီး ရက်အကန့်အသတ်မရှိ ပိတ်ထားသည်။ ■